# အင်္ဂလိပ်ဘာသာဖြင့် ပို့ချသော အတန်းတက်ခြင်းတစ်မျိုးတည်းဖြင့် ဒီဂရီရရှိနိုင်မှု

## ရှာဖွေရန်

**အင်္ဂလိပ်ဘာသာဖြင့် ပို့ချသော အတန်းတက်ခြင်းတစ်မျိုးတည်းဖြင့် ဒီဂရီရရှိနိုင်သည့် ပရိုဂရမ်များ ကျောင်းဝင်ချိန်တွင် ဂျပန်ဘာသာစကား တတ်ကျွမ်းမှုမလိုသော ပရိုဂရမ် (JASSO)**

http://www.jasso.go.jp/en/study_j/search/index.html

**တက္ကသိုလ်၊ ကောလိပ်များ ရှာဖွေရန် (JAPAN STUDY SUPPORT)**

http://www.jpss.jp/en/

ကျောင်းဝင်ချိန်တွင် ဂျပန်ဘာသာစကားတတ်ကျွမ်းမှုမလိုသော ပရိုဂရမ်များတွင် အောက်ပါအမျိုးအစားများရှိသည်။

- အင်္ဂလိပ်ဘာသာဖြင့် ပို့ချသော အတန်းတက်ခြင်းတစ်မျိုးတည်းဖြင့် ဒီဂရီရရှိနိုင်သည့် ပရိုဂရမ်များ
- ကျောင်းဝင်ခွင့်စာမေးပွဲတွင် ဂျပန်ဘာသာအရည်အချင်းကို မေးမြန်းခြင်း မရှိသော်လည်း၊ စာသင်နှစ် မြင့်လာသည်နှင့်အမျှ ဂျပန်ဘာသာအရည်အချင်း ရှိရန်လိုအပ်သော အတန်းကို တက်ရောက်ရန်လိုအပ်သည့် ပရိုဂရမ်

တက္ကသိုလ်များနှင့် ဘွဲ့လွန်တက္ကသိုလ်များတွင် အင်္ဂလိပ်ဘာသာဖြင့်သာ သင်ယူပြီး ပညာသင်ဘွဲ့ရနိုင်သည့် ပရိုဂရမ်များ ရှိသော်လည်း နည်းပညာကောလိပ်များနှင့် အသက်မွေးပညာသင်ကျောင်းများတွင်မူ အင်္ဂလိပ်ဘာသာဖြင့်သာ သင်ယူပြီး "တွဲဖက်ဒီဂရီ" နှင့် "ဒီပလိုမာ" ဘွဲ့ရနိုင်သည့် ပရိုဂရမ် မရှိပါ။
အင်္ဂလိပ်ဘာသာဖြင့်သာသင်ယူသည့် ပရိုဂရမ်များကို "Degree program in English", "Degree program for international students", "English-based Degree Programs" ဟု အမည်ပေးထားသည်။

**Q** ရွေးချယ်နည်းမှာ မည်သို့မည်ပုံ ဖြစ်သနည်း။

**A** စာရွက်စာတမ်းဖြင့် စစ်ဆေးရွေးချယ်ခြင်း နှင့် အင်တာဗျူးဖြင့် အောင်၊ မအောင်ကို အဆုံးအဖြတ်ပေးသော တက္ကသိုလ်များ များသည်။ အင်တာဗျူးကို သင်နေထိုင်ရာနိုင်ငံ၊ ဒေသ၌ ပြုလုပ်ခြင်းအပြင်၊ ဗီဒီယိုချက် စသည်ဖြင့် အွန်လိုင်းအင်တာဗျူးကို ကျင့်သုံးသော တက္ကသိုလ်များလည်း ရှိသည်။

**Q** ကျောင်းလျှောက်ရန် အထူးစာမေးပွဲ ဖြေဆိုရန် လိုအပ်ပါသလား။

**A** အင်္ဂလိပ်ဘာသာအရည်အချင်းလက်မှတ် (TOEFL®, IELTS စသည့် တရားဝင်စာမေးပွဲများ၏ ဘာသာရပ်နှင့်ရမှတ် မှတ်တမ်းလက်မှတ်) နှင့်၊ ပညာအရည်အချင်းလက်မှတ် (တက္ကသိုလ်ပထမဘွဲ့ သင်တန်းအတွက် ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU)၊ Scholastic Assessment Test (SAT)၊ မိမိနိုင်ငံ၏ အထက်တန်းကျောင်းပြီးမြောက်မှု အမျိုးသားစံစာမေးပွဲ အစရှိသည်၏ ရမှတ်လက်မှတ်) များ လိုအပ်သည်က များသည်။

**Q** အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု မည်သည့်အထိ လိုအပ်သလဲ။

**A** လိုအပ်သည့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသည် ကျောင်းအလိုက် ကွဲပြားခြားနားသည်။ ယေဘုယျအားဖြင့် အောက်ပါ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှု လိုအပ်သည်။

| | TOEFL iBT | IELTS |
|---|---|---|
| ဘွဲ့လွန်တက္ကသိုလ် | 75-80 | 6 |
| တက္ကသိုလ် | 71-80 | 5.5-6 |

**Q** ကျောင်းတက်ရင်း ဂျပန်ဘာသာစကားသင်တန်းတက်နိုင်သလား။

**A** တက္ကသိုလ်အလိုက် နိုင်ငံတကာကျောင်းသားများအတွက် ဂျပန်စာသင်ကြားမှု ပရိုဂရမ်ကို ပို့ချပေးနေခြင်းရှိသည်။ သို့သော် ခရက်ဒစ်ကို အသိအမှတ်ပြုမှုခံရခြင်း နှင့် အသိအမှတ်ပြုမှု မခံရခြင်းများ ရှိသည်။ ထို့အပြင် သီးခြားသင်ကြေးပေးရန်လိုအပ်သော အခြေအနေလည်း ရှိသည်။